

Source: https://www.tridge.com/fr/news/domestic-sugar-consumption-is-low-and-sugarcane-ac

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin)

Market Information System

*စိုက်ပျိုးရေးဦးစီးဌာန*

**"တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန် စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား"**

31st December, 2021

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

❖ **ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ**

- နံ့စားသီးနှံ
- ဆီထွက်သီးနှံ
- ပဲမျိုးစုံ
- စက်မှုကုန်ကြမ်းသီးနှံ
- စားဖိုဆောင်သီးနှံ
- မြန်မာ့ပဲမျိုးစုံတင်ပို့မှု
- အသား/ငါးနှင့်ဥအမျိုးမျိုး

❖ **ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက်အလက်များ**

## စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

### ဈေးကွက်သတင်းအချက်အလက်များ

- ❖ စပါးဈေးနှုန်းအနည်းငယ်အပြောင်းအလဲရှိနေခြင်း
- ❖ မြေပဲဈေးနှုန်း တည်ငြိမ်နေသော်လည်း နှမ်းနက်နှင့် နေကြာဈေးနှုန်းများ ကျဆင်းသွားခြင်း
- ❖ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစဉ်းငုံနီ ဈေးနှုန်းများ မြင့်တက်လာခြင်း
- ❖ ဝါ(ချည်မျှင်ရှည်)၏ တစ်ပိဿာဈေးနှုန်း
- ❖ ချက်ကြံတစ်တန်ဈေးနှုန်း
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်း
- ❖ ကြက်သွန်နီဈေးနှုန်း မြင့်တက်လာသော်လည်း ကြက်သွန်ဖြူဈေးနှုန်းငြိမ်နေခြင်း
- ❖ ခရမ်းချဉ်နှင့် ငရုတ်အစိုဈေးနှုန်းများ မြင့်တက်လာခြင်း
- ❖ မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ
- ❖ မွေးမြူရေးဆိုင်ရာ အသားနှင့်ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ဂဏန်းအမျိုးမျိုးတို့၏ လအတွင်းဖြစ်ပေါ်ခဲ့သော ဈေးနှုန်းအခြေအနေ

စာမျက်နှာ ၂ မှ ၄





### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ လာအိုနိုင်ငံသည် တရုတ်နိုင်ငံသို့ ရှောက်သံပုရာမျိုးရင်းဝင်အသီးများ တင်ပို့ရန် သဘောတူညီချက်ရရှိခြင်း
- ❖ တရုတ်နိုင်ငံမှ ဝါသီးနှံဝယ်လိုအား လျော့ကျပြီးနောက် ထုတ်လုပ်ရောင်းချမှုဖိအားပြင်းထန်လာပြီး ဝါဈေးနှုန်းများ ကျဆင်းခြင်း
- ❖ နှမ်းသီးနှံရိတ်သိမ်းပြီးချိန် နှမ်းအသစ်များ ဝင်လာသောကြောင့် ဈေးနှုန်းများကျဆင်းနေခြင်း
- ❖ တရုတ်နှင့် မြန်မာနိုင်ငံတို့သည် ရွှေတြိဂံ နယ်မြေတွင် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း
- ❖ အရှေ့တောင်အာရှသည် အိန္ဒိယနိုင်ငံထံမှ ပြောင်းများပိုမိုဝယ်ယူရန် ကြိုးပမ်းနေခြင်း
- ❖ ကမ္ဘာ့သကြားဈေးနှုန်းကျဆင်းမှုကြောင့် အိန္ဒိယ၏ သကြားတင်ပို့မှု နှေးကွေးသွားခြင်း
- ❖ မြန်မာနိုင်ငံတွင်အမေရိကန်ဒေါ်လာ(၁၂)သန်းတန်ဖိုးနှင့်ညီမျှသည့်စားအုန်းဆီ တန်ချိန်(၉,၀၀၀)အား သင့်တင့်သော ဈေးနှုန်းများဖြင့် ပြန်လည်ရောင်းချပေးခြင်း
- ❖ အိန္ဒိယငွေကြေး(ရူပီး)တန်ဖိုးကျဆင်းမှုကြောင့် (၅) နှစ်အတွင်း ဆန်ဈေးနှုန်းများ အနိမ့်ဆုံးသို့ ကျဆင်းခဲ့ခြင်း

စာမျက်နှာ ၅ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နှံစားသီးနှံ







### ○ ပေါ်ဆန်းနှင့် မနောသုခစပါး

- ○ ဒီဇင်ဘာလအတွင်းပေါ်ဆန်းစပါးဈေးနှုန်းမှာ စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင်(၁၃၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့် နှိုင်းယှဉ်ကြည့်လျှင် ရန်ကုန်အပါအဝင် အချို့ဈေးကွက်အနည်းငယ်၌ တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၄၀၀၀ ကျပ် (၇% မှ ၂၈%)ခန့် ဈေးနှုန်းကျဆင်းခဲ့သော်လည်း နေပြည်တော်နှင့် မွန်ပြည်နယ်တို့တွင် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၂၇၀၀ ကျပ်အတွင်း (၂၀%မှ ၂၉%)ခန့်အတွင်း ဈေးနှုန်းအများဆုံးမြင့်တက်လျက်ရှိပြီး မန္တလေးနှင့် ရခိုင်ဈေးကွက်တို့၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။
- ○ ဒီဇင်ဘာလ၌ မနောသုခစပါးဈေးနှုန်းမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက ဧရာဝတီနှင့် ချင်းပြည်နယ်တို့မှလွဲ၍ ကျန်ဈေးကွက်များ၌ တစ်တင်းလျှင် ၃၀၀ ကျပ်မှ ၁၀၀၀ ကျပ် (၅%)မှ (၁၅%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက် ရှိပါသည်။ ဒီဇင်ဘာလအတွင်း မနောသုခမှာ စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး (၉၀၀၀)ကျပ်ရှိနေပါသည်။
- ○ ဒီဇင်ဘာလအတွင်းစပါးဈေးနှုန်းအခြေအနေမှာ အချို့ဈေးကွက်များ၌ စပါးအသစ်များ ဝင်ရောက်မှုများပြားလာခြင်းကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းသွားခြင်းနှင့် အချို့ဈေးကွက်များ၌ အဟောင်းလက်ကျန်များမရှိတော့၍ အသစ်များဝယ်ယူစုဆောင်းလျက်ရှိခြင်းတို့ကြောင့် ဈေးနှုန်းမှာ အနည်းငယ်ပြောင်းလဲမှုရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

### အစေ့ထုတ်ပြောင်း




- ▪ အစေ့ထုတ်ပြောင်းမှာ နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် (၁၆၀၀၀)ကျပ်ဖြင့် ဒီဇင်ဘာလအတွင်း အမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ကြည့်လျှင် တစ်တင်းလျှင် ၅၀၀၀ ကျပ် (၄၅%) ခန့် အများဆုံးဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- ▪ အစေ့ထုတ်ပြောင်းဈေးနှုန်းအခြေအနေမှာ ယခုနှစ်ပြောင်းစိုက်ပျိုးချိန်၌ ကပ်ရောဂါကူးစက်မှု မြင့်မားနေခြင်း၊ သွင်းအားစုဈေးနှုန်းကြီးမြင့်မှုကြောင့် ယခုနှစ်စိုက်ပျိုးဧကလျော့သွားခြင်းနှင့် ယခင်နှစ်အထွက်နှုန်းမှာလည်း လျော့ကျခဲ့ခြင်းတို့ကြောင့် ယခုနှစ်အတွင်း ပြောင်းဈေးနှုန်းကောင်းလာခြင်းဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှုသည် တရုတ်တင်ပို့မှုတစ်ခုတည်းကိုသာမူတည်နေခြင်းမဟုတ်ဘဲ ထိုင်းနိုင်ငံသို့ တင်ပို့မှု၊ ပင်လယ်ရေကြောင်းမှ အခြားနိုင်ငံများသို့တင်ပို့မှုများနှင့် ပြည်တွင်းအစာစပ်စက်ရုံများမှဝယ်လိုအားတို့သည်လည်း ဈေးနှုန်းပြောင်းလဲမှုတွင် အဓိကအရေးပါနေကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## မြေပဲ၊ နှမ်း၊ နေကြာ

- ❖ မြေပဲ(အတောင့်)ဈေးနှုန်းမှာ ဒီဇင်ဘာလအတွင်း ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၁၇၆၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ပဲခူး၊ မကွေးနှင့် ရှမ်းပြည်နယ်ဈေးကွက်တို့၌သာ တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၂၅၀၀ကျပ် (၁၁% မှ ၁၇%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ပါသည်။
- ❖ ဒီဇင်ဘာလ၌ ဈေးကွက်အတွင်း မြေပဲအသစ် ဝင်ရောက်မှုနည်းခြင်းကြောင့်ဈေးကွက်အများစုတွင် ဈေးနှုန်းအမြင့်ဖြင့်ပင် အရောင်းအဝယ်ရှိနေပြီး အဝယ်ပါးနေသည့်အတွက် ဈေးငြိမ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။
- ❖ နှမ်း(နက်)ဈေးနှုန်းမှာ ဒီဇင်ဘာလအတွင်း နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် (၈၀၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေသော်လည်း ဈေးကွက်အများစု၌ ယခင်လထက် တစ်တင်းလျှင် ၅၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ် (၈%မှ ၄၇%)အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။
- ❖ ဒီဇင်ဘာလအတွင်း၌ ဈေးကွက်အတွင်းသို့ ဒေသအစုံမှ ဝင်ရောက်လာသောနှမ်းနက်များကို ပြည်ပသို့ တင်ပို့မည့် ပို့ကုန်ဝယ်ယူသည့်ကုန်သည်များမှ ထိန်း၍ ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ပုံမှန်ရှိနေသော်လည်း အဝယ်အေးကာ ဈေးနှုန်းကျဆင်းပြီး ဈေးငြိမ်သွားခြင်းဖြစ်ကြောင်း သိရှိရပါသည်။
- ❖ နေကြာဈေးနှုန်းမှာ ဒီဇင်ဘာလအတွင်း မကွေးနှင့် စစ်ကိုင်းဈေးကွက်တို့၌ တစ်တင်းလျှင်(၂၄၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ရှိနေပါသည်။ နိုဝင်ဘာလဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နေပြည်တော်၊ မန္တလေးနှင့် ရှမ်းပြည်နယ်တို့၌ တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၅၀၀၀ ကျပ် (၁၀%မှ ၃၃%)ခန့်ဈေးနှုန်းကျဆင်းသွားပြီးစစ်ကိုင်းဈေးကွက်၌ သာ (၂၆%)ခန့် ဈေးနှုန်း အများဆုံးမြင့်တက်ခဲ့ပါသည်။




| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | နိုဝင်ဘာ | ဒီဇင်ဘာ | ခြားနားချက်(%) |
| နေပြည်တော် | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၁၇၆၀၀ | ၁၇၆၀၀ | ၀.၀၀ |
| မန္တလေး | ၁၄၀၀၀ | ၁၄၀၀၀ | ၀.၀၀ |
| မကွေး | ၁၄၅၀၀ | ၁၂၀၀၀ | (-)၁၇.၂၄ |
| ပဲခူး | ၁၇၀၀၀ | ၁၅၀၀၀ | (-)၁၁.၇၆ |
| စစ်ကိုင်း | ၁၄၀၀၀ | ၁၅၀၀၀ | (+)၇.၁၄ |
| ကယား | ၁၁၅၀၀ | ၁၁၅၀၀ | ၀.၀၀ |
| ကရင် | ၁၂၀၀၀ | ၁၃၀၀၀ | (+)၈.၃၃ |
| ရခိုင် | ၁၅၀၀၀ | ၁၅၀၀၀ | ၀.၀၀ |
| ရှမ်း | ၁၅၅၀၀ | ၁၃၅၀၀ | (-)၁၂.၉၀ |



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | နိုဝင်ဘာ | ဒီဇင်ဘာ | ခြားနားချက်(%) |
| နေပြည်တော် | ၅၅၀၀၀ | ၅၅၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၅၅၀၀၀ | ၅၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၅၀၀၀ | ၄၅၀၀၀ | ၀.၀၀ |
| မကွေး | ၃၉၈၀၀ | ၄၅၀၀၀ | (+) ၁၃.၀၇ |
| ဧရာဝတီ | ၄၂၀၀၀ | ၄၅၀၀၀ | (+) ၇.၁၄ |
| ပဲခူး | ၄၉၀၀၀ | ၄၉၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၃၇၀၀၀ | ၄၅၀၀၀ | (+) ၂၁.၆၂ |
| တနင်္သာရီ | ၃၅၀၀၀ | ၄၅၀၀၀ | (+) ၂၈.၅၇ |
| ကရင် | ၃၈၀၀၀ | ၃၂၀၀၀ | (-) ၁၅.၈ |
| မွန် | ၅၆၅၀၀ | ၄၄၀၀၀ | (-) ၂၂.၁၂ |
| ရခိုင် | ၃၇၀၀၀ | ၄၀၀၀၀ | (+) ၈.၁၁ |

### ပဲတီစိမ်းနှင့်မတ်ပဲ

○ ဒီဇင်ဘာလအတွင်း ပဲတီစိမ်းဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၅၅၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ကြည့်လျှင် ချင်းပြည်နယ်၌ တစ်တင်းလျှင် ၁၈၀၀၀ကျပ် (၈၁%)ဈေးနှုန်းအများဆုံး မြင့်တက်ခဲ့သော်လည်း ဈေးကွက်အများစု၌ ဈေးနှုန်းသိသာစွာပြောင်းလဲမှုမရှိဘဲ အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးငြိမ်နေသည့် အနေအထားဖြစ်ပါသည်။

○ ဒီဇင်ဘာလ၌ မတ်ပဲဈေးနှုန်းသည်လည်း ယခင်လနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၃၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်(၇% မှ ၂၈%)အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး နေပြည်တော်နှင့် ရန်ကုန်ဈေးကွက်တို့၌ တစ်တင်းလျှင် (၅၅၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ရှိနေပါသည်။

○ ပဲတီစိမ်းနှင့် မတ်ပဲဈေးနှုန်းအခြေအနေမှာ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာ့ပဲမျိုးစုံတင်သွင်းမှုကာလကို ၂၀၂၂ ခုနှစ် မတ်လကုန်အထိ ထပ်မံ၍ သက်တမ်းတိုးမြှင့်ပေးလိုက်ခြင်းကြောင့် ပြည်ပပို့ကုန်ပဲများဖြစ်သည့် ပဲတီစိမ်းနှင့်မတ်ပဲတို့မှာလည်း ဈေးနှုန်းမြင့်တက်လာသည့် အခြေအနေရှိနေကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




○ ဒီဇင်ဘာလအတွင်း ပဲစဉ်းငုံနီတစ်တင်းဈေးနှုန်းမှာ တနင်္သာရီဈေးကွက်တွင် (၄၃၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက မကွေးဈေးကွက်၌သာ တစ်တင်းလျှင် ၇၅၀၀ကျပ် (၂၇%)ခန့် ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပါသည်။

○ ပဲစဉ်းငုံနီဈေးနှုန်းမှာ ဈေးကွက်အတွင်း ပဲလက်ကျန်မရှိခြင်းနှင့် ပဲအသစ်များ ဈေးကွက်အတွင်းသို့ဝင်ရောက်လာပြီး ဝယ်လိုအားမှာလည်းများနေခြင်းကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာခြင်းဖြစ်ကြောင်းသိရှိရပါသည်။

## ကုလားပဲ




○ ဒီဇင်ဘာလအတွင်း ကုလားပဲဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၆၀၀၀၀)ကျပ်ဖြင့် ဈေးအမြင့်ဆုံးရှိနေပြီး ယခင်လထက် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ကျပ်(၃%မှ ၁၃%)ခန့် အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။

○ ကုလားပဲဈေးနှုန်းမှာ မကြာမီကာလအတွင်း ပဲအသစ်များ ထွက်ရှိတော့မည်ဖြစ်၍ ဈေးကွက်အတွင်း လက်ကျန်ပဲများမှာ ရောင်းအားကောင်းလာပြီး ဈေးနှုန်းပြန်လည်မြင့်တက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




♣ ချည်မျှင်ရှည်ဝါဈေးနှုန်းမှာ ဒီဇင်ဘာလအတွင်း မကွေးဈေးကွက်၌ တစ်ပိဿာလျှင် (၁၆၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ယခင်လထက် မကွေးဈေးကွက်၌ တစ်ပိဿာလျှင် (၂၅၀) ကျပ်ခန့်ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး စစ်ကိုင်း၌ တစ်ပိဿာလျှင် (၄၀၀)ကျပ်ခန့် ဈေးနှုန်းကျဆင်းခဲ့ပါသည်။

♣ ဒီဇင်ဘာလအတွင်း ချည်မျှင်ရှည်ဝါဈေးနှုန်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးကွာခြားမှုအနေဖြင့် တစ်ပိဿာလျှင် (၂၀၀) ကျပ်ရှိနေပါသည်။

## ချက်ကြံ




✦ ချက်ကြံဈေးနှုန်းမှာ ဒီဇင်ဘာလ၌ စစ်ကိုင်းဈေးကွက်တွင် တစ်တန်လျှင် (၆၂,၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ကရင်၌ (၄၄,၀၀၀) ကျပ်ဖြင့် အနိမ့်ဆုံးရှိနေပါသည်။ ဒီဇင်ဘာလအတွင်း ကြံတစ်တန်အတွက် ဈေးနှုန်းအနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားမှုအနေဖြင့် (၁၈၀၀၀)ကျပ် ဖြစ်ပါသည်။

✦ ယခုနှစ်ကြံကြိတ်ဝါးရာသီအတွက် စက်သွင်းကြံဈေးနှုန်းအား သကြားတစ်ပိဿာ (၁၆၀၀)ကျပ်အပေါ်အခြေခံ၍ ကြံတစ်တန်လျှင် (၆၀,၀၀၀)ကျပ်နှုန်းဝယ်ယူရန်သတ်မှတ်ထားရှိပြီး ဖြစ်သော်လည်း ဒေသအလိုက် သကြားစက်ရုံများမှ ဝယ်ယူလျက်ရှိသည့် စက်သွင်းကြံဈေးနှုန်းများမှာ ပြောင်းလဲမှုများ ရှိနေပါသည်။ မွန်ပြည်နယ်ရှိ ချက်ကြံတစ်တန်ဈေးနှုန်းသည် သကာချက်သည့် ချက်ကြံပေါက်ဈေးနှုန်းဖြစ်ကြောင်း သိရှိရပါသည်။

## ရော်ဘာ

ဒီဇင်ဘာလအတွင်း RSS-3 ရော်ဘာတစ်ပေါင် ဈေးနှုန်းပြောင်းလဲမှုအခြေအနေ




Source: Perennial Crops Division, DoA

- RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် ဒီဇင်ဘာလအတွင်း တနင်္သာရီဒေသ၌(၉၇၇)ကျပ်မှ (၉၉၉) ကျပ်အတွင်း၊ ကရင်ပြည်နယ်၌ (၉၃၉) ကျပ်မှ (၉၅၅)ကျပ်အတွင်း၊ မွန်ပြည်နယ်၌ (၉၁၈)ကျပ်မှ (၉၄၉)ကျပ်အတွင်း အသီးသီး ဈေးနှုန်းဖြစ်ပေါ်လျက်ရှိပါသည်။ တနင်္သာရီဒေသရှိ ရော်ဘာ ဈေးနှုန်းသည် အိမ်နီးချင်းထိုင်းနိုင်ငံ၏ ရော်ဘာဈေးနှုန်းမြင့်တက်မှု၏ အကျိုးဆက်ကြောင့် မြင့်မားနေခြင်းဖြစ်ကြောင်းနှင့် မွန်ပြည်နယ်မှ ထွက်ရှိသည့် ရော်ဘာများကိုမူ တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

# စားဖိုဆောင်သီးနှံများ



## ကြက်သွန်နီ




- ကြက်သွန်နီဈေးနှုန်းမှာ ဒီဇင်ဘာလအတွင်း ကယားနှင့် ရှမ်းပြည်နယ်တို့၌ တစ်ပိဿာလျှင် (၁၅၀၀)ကျပ် အများဆုံးရှိနေပြီး ဈေးကွက်အားလုံး၏ ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၁၀၆၅) ကျပ်ရှိနေပါသည်။ နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက စစ်ကိုင်းနှင့်ပဲခူးဈေးကွက်တို့၌ တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၃၅၀ကျပ်ခန့်ဈေးနှုန်း အနည်းငယ်ကျဆင်းသည်မှလွဲ၍ ကျန်ဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၄၀၀ကျပ်ခန့် (၁၁%မှ ၅၀%)အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိနေပါသည်။

○ ဒီဇင်ဘာလအတွင်း ကြက်သွန်နီဈေးနှုန်း အခြေအနေမှာ ဈေးကွက်အတွင်းသို့ ကြက်သွန်နီများ ဝင်ရောက်မှုနည်းခြင်း၊ လာမည့်လအတွင်း ဒေသအသီးသီးမှ မိုးကြက်သွန်နီများ အပြိုင်ထွက်ရှိလာတော့မည်ဖြစ်သော်လည်း လက်ရှိတွင် ဈေးကွက်အတွင်း နွေကြက်သွန်နီလက်ကျန်များမှာ မရှိသလောက်လျော့နည်းလာခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | နိုဝင်ဘာ | ဒီဇင်ဘာ | ခြားနားချက်(%) |
| နေပြည်တော် | ၄၈၀၀ | ၄၈၀၀ | ၀.၀၀ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၀၀၀ | ၃၀၀၀ | (-) ၂၅.၀၀ |
| မကွေး | ၃၅၀၀ | ၃၈၀၀ | (+) ၈.၅၇ |
| ပဲခူး | ၃၂၀၀ | ၃၂၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၂၂၀၀ | ၄၅၀၀ | (+) ၁၀၄.၅၅ |
| တနင်္သာရီ | ၅၆၀၀ | ၆၅၀၀ | (+) ၁၆.၀၇ |
| ကယား | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| မွန် | ၄၆၀၀ | ၅၀၀၀ | (+) ၈.၇၀ |
| ရခိုင် | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| ရှမ်း | ၃၇၀၀ | ၃၅၀၀ | (-) ၅.၄၁ |

○ ဒီဇင်ဘာလအတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ တနင်္သာရီဈေးကွက်၌ တစ်ပိဿာလျှင် (၆၅၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ယခင်လနှင့် နှိုင်းယှဉ်ပါကစစ်ကိုင်းဈေးကွက်၌သာ တစ်ပိဿာလျှင် ၂၃၀၀ကျပ်(၁၀၄%)ခန့် ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းသိသာစွာပြောင်းလဲမှုမရှိခဲ့ပါ။

## ခရမ်းချဉ်




○ ခရမ်းချဉ်ဈေးနှုန်းမှာ ဒီဇင်ဘာလအတွင်း၌ ရခိုင်ပြည်နယ်တွင် တစ်ပိဿာလျှင် (၄၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေကာ ဒီဇင်ဘာလအတွင်း ဈေးကွက်အတွင်းသို့ ခရမ်းချဉ်သီးများ ဝင်ရောက်မှုနည်းနေခြင်းကြောင့် ယခင်လထက် တစ်ပိဿာလျှင် ၃၀၀ကျပ်မှ ၂၀၀၀ကျပ် (၁၀% မှ ၈၀%) ခန့်အတွင်း ဈေးနှုန်းမြင့်တက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

## ငရုတ်(အစို)




○ ငရုတ်(အစို)ဈေးနှုန်းမှာ ဒီဇင်ဘာလအတွင်း တနင်္သာရီဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၅၈၀၀)ကျပ်ရှိနေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ပဲခူး၊ စစ်ကိုင်းနှင့် မွန်ဈေးကွက်တို့၌ ၁၆%ခန့် အသီးသီးဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်ဈေးကွက်များ၌ တစ်ပိဿာလျှင် ၂၀၀ကျပ်မှ ၂၀၀၀ကျပ် (၁၁% မှ ၈၁%)အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

၂၀၂၁ခုနှစ်၊ နိုဝင်ဘာလစတုတ္ထပတ်နှင့် ဒီဇင်ဘာလ ပထမပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | နိုဝင်ဘာ စတုတ္ထပတ် | ဒီဇင်ဘာ ပထမပတ် | အတိုး/ အလျှော့ |
| မတ်ပဲ | US$ | ၆၆.၂၉ | ၂၈.၆၅ | -၃၇.၆၄ |
| | တန် | ၇၆၄၃၁.၃၄ | ၃၂၉၅၁.၉၇ | -၄၃၄၇၉.၃၇ |
| ပဲတီစိမ်း | US$ | ၂၂.၅၆ | ၂၁.၂၅ | -၁.၃၁ |
| | တန် | ၂၇၉၀၆.၈၆ | ၂၄၁၃၉.၇၇ | -၃၇၆၇.၀၉ |
| ပဲစဉ်းငုံ | US$ | ၁၁.၄၃ | ၃.၈၇ | -၇.၅၆ |
| | တန် | ၁၆၀၉၇.၉၁ | ၅၆၇၃.၇၆ | -၁၀၄၂၄.၁၃ |
| ကုလားပဲ | US$ | ၁၀၁၁.၁၁ | ၁၀၁၀.၁၉ | -၀.၉၃ |
| | တန် | ၁၀၃၂.၉၄ | ၂၈၇.၈၃ | -၇၄၅.၁၀ |
| ပဲလွန်းဖြူ | US$ | ၀.၆၅ | ၀.၆၇ | ၀.၀၂ |
| | တန် | ၆၈၃.၄၉ | ၇၅၁.၈၈ | ၆၈.၃၉ |
| မြေထောက်ပဲ | US$ | ၁.၅၇ | ၂.၀၇ | -၃.၆၄ |
| | တန် | ၁၈၃၅.၄၄ | ၂၉၅၇.၄၇ | ၁၁၂၂.၀၃ |
| ထောပတ်ပဲ | US$ | ၀.၁၉ | ၀.၄၆ | ၀.၂၇ |
| | တန် | ၇၃၁.၄၆ | ၃၈၁.၅၄ | -၃၄၉.၉၃ |
| ပဲယင်း | US$ | ၂၁၅၁.၈၀ | ၂၁၄၆.၇၇ | -၅.၀၄ |
| | တန် | ၃၀၈၆ | ၄၅၄၈ | ၁၄၆၂ |
| ပဲကြီး | US$ | ၁ | ၁ | ၀ |
| | တန် | ၂၀၆ | ၄၆ | -၁၆၀ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀ | ၁ | ၁ |
| | တန် | ၄၄ | ၉၂၅ | ၈၈၁ |
| ပဲနီကြား | US$ | ၀.၀၃၈ | ၀ | -၀.၀၄ |
| | တန် | ၉.၇၂ | ၈၅.၂၈ | ၇၅.၅၆ |
| ဘိုကိတ်ပဲ | US$ | ၀ | ၀ | ၀ |
| | တန် | ၅၈၃ | ၁၆၇ | -၄၂ |
| မြေပဲ (အခွံပါ) | US$ | ၀.၀၆ | ၀.၀၆ | ၀. |
| | တန် | ၁၀၄.၂၉ | ၁၀၄.၂၉ | ၀ |
| မြေပဲဆံ | US$ | ၆၄၇.၈၀ | ၆၂၇.၆၅ | -၂၀.၂၀ |
| | တန် | ၁၀၂၉၉.၁၇ | ၁၀၇၂၂.၈၃ | ၄၂၃.၆၆ |
| အခြားပဲ | US$ | ၆.၄၂ | ၆.၄၂ | ၀. |
| | တန် | ၁၀၆၉၃.၇၆ | ၁၀၃၁၆.၇၆ | -၃၇၇.၀၀ |

Source: Trade Section, Planning Division, DoA

## အသား/ငါးနှင့် ဥအမျိုးမျိုး

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| ငါးသလောက် | ပိဿာ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၁၅၀၀ |
| ငါးကြင်း(ဖြူ) | ॥ | ၇၅၀၀ | ၁၀၀၀၀ | ၉၀၀၀ | - |
| ငါးကြင်း(နီ) | ॥ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | - |
| ငါးမြင်း | ॥ | ၁၀၀၀၀ | - | - | - |
| ငါးတန် | ॥ | ၃၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၁၃၀၀၀ |
| ငါးခူ | ॥ | ၁၃၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ငါးကျည်း | ॥ | ၁၂၀၀၀ | ၁၄၀၀၀ | - | - |
| ငါးရံ့ | ॥ | ၁၀၀၀၀ | ၁၂၀၀၀ | - | ၆၅၀၀ |
| ကကတစ် | ॥ | ၁၅၀၀၀ | ၁၁၀၀၀ | - | ၁၀၀၀၀ |
| တီလားပီးယား | ॥ | ၄၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၅၀၀၀ |
| ပြည်ကြီးငါး | ॥ | ၂၅၀၀၀ | ၁၈၀၀၀ | - | ၉၀၀၀ |
| ကင်းမွန် | ॥ | ၁၅၀၀၀ | ၁၈၀၀၀ | - | ၈၅၀၀ |
| ပုစွန်ထုပ်ကြီး | ॥ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ |
| ပုစွန်ဂျော့ | ॥ | ၁၄၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ပုစွန်ဆိတ် | ॥ | ၆၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၅၀၀ |
| ကဏန်းပျော့ | ॥ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၁၃၅၀၀ |
| ကဏန်းမာ | ॥ | ၈၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ॥ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ॥ | ၁၂၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၄၀၀၀ |
| ဝက် | ॥ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ॥ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၁၈၀၀၀ |
| ဆိတ် | ॥ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက် | လုံး | ၁၅၀ | ၁၅၀ | ၁၂၀ | ၁၅၀ |
| ဘဲ | ॥ | ၂၀၀ | ၂၀၀ | ၂၀၀ | ၁၅၀ |
| ငုံး | ॥ | ၆၀ | ၃၀ | ၃၀ | ၅၀ |

source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

### လာအိုနိုင်ငံသည် တရုတ်နိုင်ငံသို့ ရှောက်သံပုရာမျိုးရင်းဝင်အသီးများ တင်ပို့ရန် သဘောတူညီချက်ရရှိခြင်း

- လာအိုနိုင်ငံရှိ မီဒီယာများ၏အဆိုအရ 'လာအိုမှ တရုတ်နိုင်ငံသို့ ရှောက်သံပုရာမျိုးရင်းဝင် အသီးများသယ်ယူပို့ဆောင်ရေးအတွက် ရုက္ခဗေဒကူးစက်ရောဂါထိန်းချုပ်ရေး အစီအစဉ်'ခေါင်းစဉ်ဖြင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါ သဘောတူညီချက်သည် လာအိုမှ တရုတ်နိုင်ငံသို့ ရှောက်သံပုရာမျိုးရင်းဝင် အသီးများ တရားဝင်ပို့နိုင်ရန် စတင်ခြင်းဖြစ်ကြောင်း၊
- လာအိုနိုင်ငံရှိ ရှောက်သံပုရာမျိုးရင်းဝင် အသီးများ စိုက်ခင်း၏ ဧရိယာအကျယ်အဝန်းမှာ (၃,၆၂၀) ဟက်တာဝန်းကျင်ရှိပြီး ယင်းတို့အနက် ဟက်တာ ၂,၅၀၀ (၇၀ ရာခိုင်နှုန်း ခန့်) (၆၁၇၇.၆၄ ဧက)ကို ပို့ကုန်ဈေးကွက်အတွက်ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း၊
- လာအိုသည် (၂၀၂၂)ခုနှစ်တွင် တရုတ်နိုင်ငံသို့ ရှောက်သံပုရာမျိုးရင်းဝင်အသီးများ တန်ချိန် (၅၀,၀၀၀) ခန့်တင်ပို့ရန် မျှော်မှန်းထားပြီး ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း(၅၀)ခန့် ရှိကြောင်း၊
- (၂၀၂၁)ခုနှစ် ပထမ(၁၀)လတွင် လာအိုလယ်ယာ ပို့ကုန်စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း(၈၀၀)ကျော်ရှိပြီး ယခင်နှစ်အလားတူကာလ စုစုပေါင်းပို့ကုန်တန်ဖိုးထက်(၂၉)ရာခိုင်နှုန်းပိုများကြောင်း၊
- တရုတ်နိုင်ငံသည် လာအိုအတွက် အကြီးမား ဆုံး လယ်ယာထွက်ကုန်တင်ပို့သည့် ဈေးကွက်နိုင်ငံကြီးတစ်ခုဖြစ်ပြီး လာအိုနိုင်ငံမှ တရုတ်နိုင်ငံသို့ ပီလောပီနံ၊ ငှက်ပျောသီး၊ ဖရဲသီး၊ ကြံနှင့် ရော်ဘာတို့ကို (၈၀)ရာခိုင်နှုန်းကျော် တင်ပို့ခဲ့ကြောင်း၊
- လာအိုနှင့် တရုတ်တို့သည် စပါး၊ ပြောင်း၊ ငှက်ပျောသီး၊ ဖရဲသီး၊ ပီလောပီနံ၊ ကန်စွန်းဥ၊ ပဲ၊ ပင်မှည့်သီးနှင့် ယခုရှောက်သံပုရာမျိုးရင်းဝင် အသီးများအပါအဝင် စိုက်ပျိုးရေးထွက်ကုန်(၉)မျိုးအတွက် အကောက်ခွန်သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်ပြီး ဒူးရင်း၊ လောင်ဂန်၊ နဂါးမောက်သီးနှင့် နာနတ်သီးများနှင့် ပတ်သက်သည့် နောက်ထပ်သဘောတူညီချက်များ အတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ လာအိုစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးမှ အဆိုပါဆွေးနွေးပွဲများ လျင်မြန်အောင်မြင်စွာ ပြီးဆုံးနိုင်လိမ့်မည်ဟု မျှော်မှန်းထားပါကြောင်း (၂၅.၁၁.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော Fresh Plaza ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

ဒေါ်ကေရီဝင်း၊ ဒု-ဦးစီးမှူး

Source: https://www.freshplaza.com/article/9376491/laos-obtains-permission-to-export-citrus-fruits-to-china/

### တရုတ်နိုင်ငံမှ ဝါသီးနှံဝယ်လိုအား လျော့ကျပြီးနောက် ထုတ်လုပ်ရောင်းချမှုဖိအား ပြင်းထန်လာပြီး ဝါဈေးနှုန်းများကျဆင်းခြင်း

- ၂၀၂၁ ခုနှစ် နိုဝင်ဘာလ (၂၃)ရက်နေ့တွင် တရုတ်နိုင်ငံမှ ဝါသီးနှံဝယ်လိုအား လျော့ကျပြီးနောက် ရောင်းချမှုဖိအားပြင်းထန်ပြီး ဝါဈေးနှုန်းမှာ(-၀.၆၈) ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ထုတ်လုပ်မှုကျဆင်းနိုင်ချေကို ခန့်မှန်းရာတွင် အားနည်းချက်များမြင်တွေ့ရပြီး လက်ကျန်ဝါပမာဏ လျော့နည်းနေသော်လည်း တရုတ်နိုင်ငံမှ သွင်းကုန်ဝယ်လိုအားမှာ မြင့်မားနေဆဲဖြစ်ကြောင်း၊
- တရုတ်နိုင်ငံသည် တင်သွင်းထားသောဝါများ စုစုပေါင်းတန်ချိန် (၆၀၀,၀၀၀)နှင့် ရောင်းချမှုအသစ်ကို စတင်တော့မည်ဖြစ်ပြီး ပြည်တွင်းမှ ဝါများအားနေ့စဉ်လေလံပွဲများတွင် ရောင်းချသွားမည်ဖြစ်ကြောင်း၊
- ယခုနှစ်တွင် သိုလှောင်ထားသောဝါများကို ရောင်းချခြင်းသည် ဒုတိယအသုတ်ဖြစ်ပြီး ချည်ငင်ကုမ္ပဏီများထံမှ fibre လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် အစီအစဉ်ရေးဆွဲထားကြောင်း၊
- အမေရိကတွင် (၂၀၂၁-၂၀၂၂)သီးနှံနှစ်အတွက် ထုတ်လုပ်မှုခန့်မှန်းချက်များနှင့် လက်ကျန်သိုလှောင်မှုနှစ်ခုစလုံးသည် (၁၈.၂၀)သန်း bales နှင့် (၃.၄၀)သန်း bales မပြောင်းလဲဘဲ အသီးသီးရှိကြောင်း နိုဝင်ဘာလတွင် ထုတ်ပြန်သော ကမ္ဘာ့စိုက်ပျိုးရေးဆိုင်ရာ ရောင်းလိုအားနှင့် ဝယ်လိုအား ခန့်မှန်းချက်(WASDE) အစီရင်ခံစာတွင် USDA မှ ဖော်ပြထားပါသည်။ (1 bales= 500lbs of cotton in US)
- (၂၀၂၁-၂၂)ရာသီတွင်အိန္ဒိယနိုင်ငံ၏ ဝါအထွက်နှုန်းမှာ(၁၇၀)ကီလိုဂရမ်တွင် (၃၆၀.၁၃)သိန်း bales ရှိပြီး ယခင်ရာသီသီးနှံအထွက်နှုန်း (၃၅၃ သိန်း bales)ထက် (၇.၁၃)သိန်း bales ပိုမို ထွက်ရှိကြောင်းအိန္ဒိယနိုင်ငံဝါ အသင်းအဖွဲ့မှ ခန့်မှန်းထားကြောင်း (၂၄-၁၁-၂၀၂၁)ရက်နေ့တွင် ထုတ်ပြန်သော Investing.com ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ ဒု-ဦးစီးမှူး

Source: https://in.investing.com/analysis/cotton-dropped-as-selling-pressure-intensified-after-demand-from-china-eased-200503722

### နှမ်းသီးနှံရိတ်သိမ်းပြီးချိန် နှမ်းအသစ်များ ဝင်လာသောကြောင့် ဈေးနှုန်းများကျဆင်းနေခြင်း

- မြန်မာနိုင်ငံသည် ပုံမှန်အားဖြင့် နှမ်းသီးနှံ ထုတ်လုပ်မှု၏(၈၀)ရာခိုင်နှုန်းကို နိုင်ငံခြားဈေးကွက် သို့ တင်ပို့ရောင်းချပြီး မြန်မာ့နှမ်းများကို တရုတ်၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ ဥရောပသမဂ္ဂ နိုင်ငံများနှင့် ထိုင်ဝမ်နိုင်ငံများသို့ ပင်လယ်ရေကြောင်းလမ်းဖြင့် တင်ပို့ကြကြောင်း၊
- နှမ်းသီးနှံရိတ်သိမ်းပြီးချိန်တွင် နှမ်းသစ်များဝင်လာသောကြောင့် နိုဝင်ဘာလကုန်တွင် (၃)တင်း

ဝင် တစ်အိတ်လျှင် မြန်မာငွေကျပ် (၂၂၀,၀၀၀)သို့ ကျဆင်းခဲ့ပြီး နိုဝင်ဘာလဆန်းပိုင်း ပေါက်ဈေးထက် တစ်အိတ်လျှင်ကျပ်(၂၀,၀၀၀) သိသိသာသာ ကျဆင်းခဲ့ကြောင်း၊

- ဇူလိုင်လတွင် နှမ်းနက် (၃)တင်းဝင် တစ်အိတ်လျှင် မြန်မာငွေကျပ် (၁၄၅,၀၀၀)ရှိခဲ့ပြီး ယခုနိုဝင်ဘာလအစောပိုင်းကာလတွင် မြန်မာကျပ် (၂၄၀,၀၀၀)ထိတိုးမြင့်လာခဲ့ပါကြောင်း၊ ထို့နောက် နှမ်းသစ်တင်ပို့မှုတွင် တစ်အိတ်လျှင် (၂၂၀,၀၀၀) ကျပ်ပေါက်ဈေးသို့ကျဆင်းသွားကြောင်း မန္တလေးတိုင်းဒေသကြီး ပဲမျိုးစုံဒိုင်မှ ဦးစိုးဝင်းမြင့်၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- နှမ်းသီးနှံ ကုန်ချောနှင့်ကုန်ကြမ်း (၂)မျိုးလုံးကို တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်ပြီး COVID-19 ကပ်ရောဂါကန့်သတ်ချက်များ ဖြေလျှော့လာချိန်တွင် နှမ်းဈေးကွက်မြင့်တက်လာမည်မှာ သေချာကြောင်းဘုရင့်နောင်ဈေးမှ အရောင်းဒိုင်ပိုင်ရှင်တစ်ဦးမှ ပြောကြားခဲ့ကြောင်း၊
- ဥရောပသမ္မဂနိုင်ငံများသည် မြန်မာနိုင်ငံအော်ဂဲနစ်စိုက်ခင်းများမှ နှမ်းသီးနှံများအား ဝယ်ယူရန် လိုလားကြိုက်နှစ်သက်ကြပြီး ဂျပန်နိုင်ငံသည် မြန်မာ့နှမ်းနက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP)ဖြင့် စိုက်ပျိုးထားသော နှမ်းများနှင့်အရည်အသွေးကို အကဲဖြတ်ပြီး သုံးသပ်ဝယ်ယူကြကြောင်း၊
- ယခုအခါ တရုတ်ဈေးကွက်သို့သာတင်ပို့နိုင်ပြီး အခြားနိုင်ငံများသို့ နှမ်းများတင်ပို့ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း၊
- မကွေးတိုင်းသည် မြန်မာ့ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ကြပြီး နှမ်းအဓိက စိုက်ပျိုးထုတ်လုပ်သောတိုင်းဒေသကြီးဖြစ်ပြီး မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊
- မြန်မာနိုင်ငံတွင် စားသုံးဆီသီးနှံများအနက် နှမ်းစိုက်ဧကသည် အမြင့်ဆုံးဖြစ်ပြီး ဆီထွက်သီးနှံစုစုပေါင်းစိုက်ပျိုးမှု၏ (၅၁.၃)ရာခိုင်နှုန်းဖြစ်ပြီး နှစ်စဉ် နှမ်းတန်ချိန် (၆)သိန်းမှ (၈)သိန်း တန်ခန့် ထုတ်လုပ်လျက်ရှိကြောင်း (၃၀.၁၁.၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ ဒု-ဦးစီးမှူး

Source:https://www.gnlm.com.mm/fresh-sesame-supply-brings-down-price/

## တရုတ်နှင့် မြန်မာနိုင်ငံတို့သည် ရွှေတြိဂံနယ်မြေတွင် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း

- နိုဝင်ဘာလ(၂၆)ရက်နေ့မှစတင်ကာ မူဆည်နယ်စပ်ဆိပ်ကမ်းမှတစ်ဆင့် ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းများ စမ်းသပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့အကောက်ခွန် အဖွဲ့ အစည်းမှ ထုတ်ပြန်ခဲ့ကြောင်း၊
- ကုန်တင်ကားအလွတ်များကို စစ်ဆေးရေးဂိတ်များမှ ဖြတ်ကျော်ခွင့်ပေးသည့် နိုဝင်ဘာလ (၂၂)ရက်နေ့မှ(၂၅)ရက်နေ့အတွင်း စမ်းသပ်ပြေးဆွဲရန် နယ်စပ်ဂိတ်ကို ဖွင့်လှစ်ခဲ့ပြီးနောက် နှစ်နိုင်ငံသည် ကုန်တင်ဆောင်ထားသော ကုန်တင်ယာဉ်များဖြင့် ဆက်လက် လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊
- ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း မူဆယ်အပါအဝင် နယ်စပ်ဆိပ်ကမ်းများစွာကို ပိတ်ထားခဲ့ပြီး ဧပြီလ(၇)ရက်နေ့မှ ဇူလိုင်လ(၈)ရက်နေ့ထိ နယ်စပ်ဆိပ်ကမ်းများ တစ်ခုပြီးတစ်ခု ပိတ်ခဲ့သည့် ကာလတစ်လျှောက်တွင် မြန်မာနိုင်ငံသည် ဆေးဝါးနှင့် ဆေးပစ္စည်းများကို သာ တင်သွင်းနိုင်ခဲ့ကြောင်း၊
- နှစ်နိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအစီအမံများ စံနှုန်းပြည့်မီခြင်း ရှိမရှိ စမ်းသပ်စစ်ဆေးရန် နိုဝင်ဘာလ (၂၆)ရက်နေ့တွင် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်သွယ်မှုစီမံခန့်ခွဲရေးဗျူရိုမှ ပြောရေးဆိုခွင့်ရှိသူမှ ပြောကြားခဲ့သော်လည်း ကုန်တင်ယာဉ်မည်မျှအား ဖြတ်သန်းခွင့်ပြုမည်ကို မသိရသေးကြောင်း၊ ကုန်တင်ယာဉ်မောင်းများနှင့် သင်္ဘောကျင်းလုပ်သားများအားလုံးကို စမ်းသပ်ပြီးဖြစ်ပြီး တင်ပို့သည့်ကုန်ပစ္စည်းများအား မထွက်ခွာမီ(၄၈)နာရီအတွင်း ပိုးသန့်စင်ပေးမှသာ နယ်စပ်ဂိတ်ကို ဖြတ်ကျော်ခွင့်ပြုမည်ဖြစ်ကြောင်း၊
- နှစ်ဖက်လုံးရှိ အကောက်ခွန်အဖွဲ့အစည်းများသည် အချိန်နှင့်တပြေးညီ တိုးတက်ပြောင်းလဲမှုများအပေါ်အခြေခံ၍ အချိန်ဇယားကိုချိန်ညှိရန် အတူတကွ အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊
- လက်ရှိတွင် မြန်မာနိုင်ငံသည် ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်စပ်ဂိတ်ဖွင့်ထားသော်လည်း အိန္ဒိယနှင့် နယ်စပ်ဂိတ်များကို ပိတ်ထားဆဲ ဖြစ်ပါကြောင်း (၂၆-၁၁-၂၀၂၁)ရက်နေ့တွင် ထုတ်ပြန်သော Sino-Myanmar News Online သတင်းအရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ ဒု-ဦးစီးမှူး

Source: https://www.freshplaza.com/article/9377363/myanmar-and-china -will-experiment-with-freight-operations-in-the-golden-triangle/

## အရှေ့တောင်အာရှသည် အိန္ဒိယနိုင်ငံထံမှ ပြောင်းများပိုမိုဝယ်ယူရန် ကြိုးပမ်းနေခြင်း

- အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့သည် အိန္ဒိယမှပြောင်းများကို လာမည့်မတ်လအတွင်း ပြည်တွင်းသို့ တင်သွင်းနိုင်ရေးအတွက် စုံစမ်းမေးမြန်းမှုများပြုလုပ်နေပြီး အိန္ဒိယမှပြောင်းများကို ပိုမိုဝယ်ယူရန်ကြိုးပမ်းနေကြောင်း၊
- (၁၀)နှစ်တာကာလအတွင်း ကမ္ဘာ့ပြောင်းဈေးနှုန်းများအမြင့်ဆုံးသို့တက်သွားပြီးနောက် ပြန်လည်ကျဆင်းလာချိန် ယခုနှစ်လည်တွင် ဝယ်လိုအားမြင့်တက်လာမှုနှင့်အတူ အိန္ဒိယနိုင်ငံမှ တင်ပို့သူလုပ်ငန်းရှင်များအချင်းချင်း ပြိုင်ဆိုင်မှုများ ပြင်းထန်လာခဲ့ကြောင်း၊
- ကမ္ဘာတစ်ဝှမ်းလုံးတွင် ဈေးနှုန်းများကျဆင်းခြင်းသည်အရှေ့တောင်အာရှအတွက် ကောင်းမွန်သောအပြောင်းအလဲဖြစ်သော်လည်း အိန္ဒိယတင်ပို့ကုန်လုပ်ငန်းရှင်များအတွက် ပြင်းထန်သောယှဉ်ပြိုင်မှုဖြစ်သည့်အတွက် အမြတ်အစွန်းရရှိမှုများနည်းပါးစေသည်ဟု စိုက်ပျိုးရေး ကုန်စည်များတင်ပို့သူများအဖွဲ့ (ACEA) မှ ပြောကြားခဲ့ကြောင်း၊
- အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံမှ ဝယ်လိုအားသည် ကောင်းမွန်သော ဝယ်ယူမှုဖြစ်ပြီး နောင်(၃)လအကြာအတွက် ကြိုတင်မှာယူမှုများကို စတင်ဆောင်ရွက် မည်ဖြစ်ကြောင်း
- ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်အတွက် APEDA ၏ အချက်အလက်များအရ ဗီယက်နမ်သည် အိန္ဒိယနိုင်ငံမှ အများဆုံးပြောင်းဖူးဝယ်ယူသည့် နိုင်ငံအဖြစ် တန်ချိန်ပေါင်း (၆.၀၅)သိန်း တင်သွင်းခဲ့ပြီး ဘင်္ဂလားဒေ့ရှ်မှ တန်ချိန်ပေါင်း (၅.၉၀)သိန်း တင်သွင်းခဲ့ကြောင်း၊
- ယခင်နှစ် ဘဏ္ဍာရေးနှစ်တွင် တန်ချိန်ပေါင်း (၂၈.၇၉)သိန်းတင်သွင်းခဲ့ပြီး (၇)နှစ်အတွင်း ပြောင်းဖူးတင်သွင်းမှုတိုးလာခဲ့ခြင်းဖြစ်ကြောင်း၊
- လက်ရှိတွင် အိန္ဒိယမှ တင်ပို့ကုန်လုပ်ငန်းရှင်များသည် free-on-board(FOB)ဖြင့် ပြောင်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ(၂၆၅)မှ (၂၇၀) အထိ ဈေးခေါ်နေကြကြောင်း၊
- နိုင်ငံတကာ ကောက်ပဲသီးနှံများကောင်စီ(IGC)၏ အချက်အလက်များအရဘရာဇီးသည် ပြောင်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ(၂၇၆)ဒေါ်လာ၊ အမေရိကန်မှ အမေရိကန်ဒေါ်လာ (၂၆၇) ဒေါ်လာနှင့် အာဂျင်တီးနားမှ အမေရိကန်ဒေါ်လာ (၃၀၀)ဖြင့် ဈေးခေါ်လျက်ရှိကြောင်း၊

❖ ယခုနှစ် ဇူလိုင်လတွင် ပြောင်းဈေးနှုန်းသည် အမေရိကန်ဒေါ်လာ(၃၀၀)ဖြင့် အမြင့်ဆုံးရှိနေခဲ့ပြီး ဂျုံဈေးနှုန်းထက်ပင် မြင့်မားခဲ့ကြောင်း၊

❖ FAO မှ ၎င်း၏ စိုက်ပျိုးရေးဈေးကွက် သတင်းအချက်အလက်စနစ်မှ ထုတ်ပြန်သော Market Monitor အစီရင်ခံစာတွင် (၂၀၂၁-၂၂)ခုနှစ်အတွင်း ပြောင်းထွက်ရှိမှုသည် ယခင်ရာသီ၏ တန်ချိန်ပေါင်း (၁,၁၅၇.၈)သန်းနှင့်နှိုင်းယှဉ်ပါက စံချိန်သစ်တန်ချိန်ပေါင်း(၁.၁၉၉.၇)သန်းရှိမည်ဟု ခန့်မှန်းထားပါကြောင်း (၈.၁၂.၂၀၂၁)ရက်တွင် ထုတ်ပြန်ခဲ့သော Bussiness line ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ ဒု-ဦးစီးမှူး

Source: https://www.thehindubusinessline.com/markets/commodities/s-e-asia-looks-to-buy-more-corn-from-india/article37895013.ece

## ကမ္ဘာ့သကြားဈေးနှုန်းများကျဆင်းမှုကြောင့် အိန္ဒိယနိုင်ငံ၏ သကြားတင်ပို့မှုနှေးကွေးခြင်း

❖ ကမ္ဘာ့သကြားဈေးနှုန်းများ ကျဆင်းပြီးနောက် အိန္ဒိယသကြားစက်ရုံများသည် ပို့ကုန် သဘောတူညီချက်များအပေါ် အရှိန်လျော့ချလိုက်သည့်အပြင် ထောက်ပံ့ပို့ဆောင်ရေးအခက်အခဲများကြောင့်တင်ပို့မှုများလည်းနှောင့်နှေးခဲ့ပြီး သကြားစက်ရုံများသည် (၂၀၂၁-၂၂)ခုနှစ် သကြားရာသီတွင် တန်ချိန် (၃၅)သိန်းတင်ပို့ရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊

❖ သို့သော် ဈေးကွက်အခြေအနေကို အဟန့်အတားဖြစ်စေသော Omicron အမျိုးအစား ကူးစက်ရောဂါပျံ့နှံ့ပြီးနောက် ဈေးနှုန်းများ သိသိသာသာကျဆင်းသွားခဲ့ပါကြောင်း၊ သယ်ယူ ပို့ဆောင်ရေးအခြေအနေသည် အလွန်တင်းကျပ်ပြီး ပျမ်းမျှသယ်ယူပို့ဆောင်ရေးစရိတ်များ အထူးသဖြင့် ထရပ်ကားကုန်စည်ပို့ဆောင်မှုနှုန်းထားများ (၂၀-၂၅)ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊

❖ ကမ္ဘာ့သကြားဈေးနှုန်းများသည် သကြားကြမ်း တစ်ပေါင်လျှင် (၁၉)ဆင့်နှင့် သကြားဖြူတစ်တန်လျှင်(၄၉၆)ဒေါ်လာရှိပြီး ရထားလမ်းနှင့် ကားလမ်းများနှစ်ခုလုံးတွင် ဆိုးရွားသော သယ်ယူပို့ဆောင်ရေးပြဿနာများရှိနေကြောင်း၊

❖ သကြားစက်ရုံများသည် သဘောတူညီချက်အသစ်များမပြုလုပ်မီ ဇန်နဝါရီလတွင် ဈေးကွက်အခြေအနေများ ပိုမိုကောင်းမွန်လာစေရန်နှင့် ထောက်ပံ့ပို့ဆောင်ရေးအခက်အခဲများကို ဖြေလျှော့ရန် မျှော်လင့်နေကြောင်း၊

❖ ပို့ကုန်စာချုပ်အများစုကို ကမ္ဘာ့သကြားဈေးနှုန်း သကြားကြမ်းတစ်ပေါင်လျှင် (၂၀)ဆင့်မှ (၂၁)ဆင့်ကြားရှိချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး (၁၈.၆)ဆင့်ခန့်ရှိသော လက်ရှိဈေးနှုန်းများသည် သကြားစက်ရုံများကို ဆွဲဆောင်နိုင်ခြင်းမရှိကြောင်း အိန္ဒိယသကြားစက်ရုံများအသင်း (ISMA) ၏ ပြောကြားချက်အရသိရှိရပါကြောင်း၊

❖ စက်ရုံများသည် (၂၀၂၁-၂၂)ခုနှစ် ဈေးကွက်နှစ်တွင် အစိုးရ၏ထောက်ပံ့မှုမပါဘဲ သကြားတန်ချိန် (၃၃)သိန်းတင်ပို့ရန် စာချုပ်ချုပ်ဆိုထားပြီး (၂၀၂၀-၂၁)ခုနှစ်တွင် အိန္ဒိယနိုင်ငံသည်သကြားတန်ချိန် (၇၂.၃)သိန်း စံချိန်တင် တင်ပို့နိုင်ခဲ့ကြောင်း၊

❖ နိုင်ငံတကာဈေးကွက်များတွင် သကြားပြတ်လပ်မှုသည် အိန္ဒိယနိုင်ငံ၏ အားသာချက်အဖြစ် သက်ရောက်ပြီး ကုန်စည်တင်ပို့မှုတွင် ကန့်သတ်ချက်များမရှိကြောင်း ဈေးကွက်အခြေအနေတိုးတက်လာပြီး ပုံမှန်ပြန်ဖြစ်မလာခင် အချိန်တစ်ခုပဲလိုပါတော့ကြောင်း အမျိုးသားသမဝါယမသကြားစက်ရုံများအဖွဲ့ချုပ်(NFCSF)၏ မန်နေဂျင်းဒါရိုက်တာ Prakash Naiknavare မှ ပြောကြားခဲ့ပါကြောင်း (၈.၁၂.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော အိန္ဒိယနိုင်ငံ Financial Express ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

ဒေါ်ကေရီဝင်း၊ ဒု-ဦးစီးမှူး

Source:https://www.financialexpress.com/market/commodities/sugar-exports-slow-as-global-prices-fall/2383920/

## မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ (၁၂)သန်းတန်ဖိုးနှင့်ညီမျှသည့်စားအုန်းဆီ တန်ချိန်(၉,၀၀၀)အား သင့်တင့်သော ဈေးနှုန်းများဖြင့် ပြန်လည်ရောင်းချပေးခြင်း

❖ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏အစီအစဉ်ဖြင့် စားအုန်းဆီကိုအစောပိုင်းကာလတွင် ရွေ့လျားကုန်တင်ယာဉ်များဖြင့် တစ်ပိဿာလျှင်(၃၈၀၀)ကျပ်နှုန်းရောင်းချခဲ့ပြီးနောက် နိုဝင်ဘာ(၉)ရက်နေ့မှစတင်၍ တစ်ပိဿာလျှင် (၄၃၅၀)ကျပ်ဖြင့် အနည်းငယ် ဈေးတက်လာခဲ့ကြောင်း၊

❖ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ဆီအုန်း (၉,၀၀၀)တန်အထက် ခန့်မှန်းဈေးနှုန်း(အမေရိကန်ဒေါ်လာ(၁၂)မီလီယံ)ကို မှာယူထားသော ဈေးနှုန်းများအတိုင်း ရောင်းချပေးခဲ့ကြောင်း၊

❖ ရန်ကုန်တိုင်းဒေသကြီးရှိ လက်ကားရောင်းချသူများအား စားအုန်းဆီတန်ချိန်(၈,၀၀၀)တန်နှင့်အထက် ဖြန့်ဖြူးပေးခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တစ်တိုင်းလျှင် စားအုန်းဆီတန်ချိန်(၂၀၀)တန်နှင့်အထက်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တန်(၁၈၀)နှင့်အထက်၊ ပဲခူးတိုင်းဒေသကြီးတွင် တန်(၁၀၀)နှင့်အထက်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေတွင်(၇၀)တန် ၊ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တန်(၅၀)အသီးသီး ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊

❖ လက်လီ/လက်ကား ဝယ်ယူရောင်းချသူများ အနေဖြင့်စားသုံးသူများထံ ပြန်လည်ရောင်းချရာတွင် အသားတင်အမြတ် (၂)ရာခိုင်နှုန်းထက်လျော့၍ ရောင်းချပေးရမည် ဖြစ်ပါကြောင်း၊

❖ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ညှိနှိုင်းပြီး မြန်မာနိုင်ငံစားသုံးဆီကဏ္ဍအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းနှုန်းထားဖြင့် အမေရိကန်ဒေါ်လာ (၁၉)မီလီယံဝယ်ယူခဲ့ပြီး စက်တင်ဘာလတွင် လက်ကားရောင်းချဈေးတစ်ပိဿာလျှင် (၃,၇၀၀)ကျပ်နှုန်းဖြင့် (၁၆,၀၀၀)တန်၊ (ပိဿာ(၇.၈၇)သန်း) ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊

❖ ယခင်နှစ်လအတွင်း အမေရိကန်ဒေါ်လာ(၃၁)သန်းနှင့်ညီမျှသည့် စားအုန်းဆီတန်ချိန်(၂၅,၀၀၀)တန်နှင့်အထက် ရောင်းချခဲ့ကြောင်း၊

❖ ဒေသတွင်း စားသုံးဆီထုတ်လုပ်မှုတန်ချိန်မှာ (၄၀၀,၀၀၀)တန်ခန့်ရှိပြီး နိုင်ငံတွင်း စားသုံးဆီသုံးစွဲမှုသည် တစ်နှစ်လျှင် တန်ချိန်(၁)သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ နိုင်ငံတွင်း စားသုံးဆီဖူလုံရန်အတွက် နှစ်စဉ်စားသုံးဆီတန်ချိန် (၇၀၀,၀၀၀)တန်ခန့် တင်သွင်းလျက်ရှိကြောင်း (၇.၁၂.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar သတင်းစာ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ဒု-ဦးစီးမှူး

Source: https://www.gnlm.com.mm/us12-million-worth-of-over-9000-tonnes-of-palm-oil-sold-at-fairer-prices/

## စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းဒေသမှ ထွက်ရှိသည့် လက်ဖက်များ ဈေးကောင်း ရရှိနေခြင်း

♣ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်မှ ထွက်ရှိသည့်လက်ဖက်များ ဈေးကောင်းရရှိနေကြောင်း ဒေသခံကုန်သည်များထံမှတစ်ဆင့်သိရှိရကြောင်း၊

- ယခုရက်ပိုင်းအတွင်း လက်ဖက်ရွက် ဈေးနှုန်းများ ကောင်းနေပြီး လက်ဖက်ရွက်အစို တစ်ပိဿာလျှင်(၁၅၀၀)ကျပ်နှုန်းဖြင့် ရောင်းချနေရပြီး ယခုကာလအတွင်း လက်ဖက်ရွက်များသည် နွေဦးရာသီကဲ့သို့မပေါများသော်လည်း မိုးကြောင့် သိုလှောင်ထား၍ လက်ဖက်ရွက်အစိုများ ပေါများနေကြောင်း၊
- လက်ဖက်ရာသီကုန်ဆုံးသွားသော်လည်း လက်ဖက်ရွက်အစိုများကို ပွဲအခမ်းအနားများတွင် များစွာ စားသုံးကြပါကြောင်း၊ ထို့ကြောင့် (၂၀၂၁)ခုနှစ်အောက်တိုဘာလတွင် ဟုမ္မလင်းမြို့နယ်မှ လက်ဖက်အစိုတစ်ပိဿာလျှင် (၁,၃၀၀)ကျပ်နှုန်းဖြင့် ရောင်းချခဲ့ကြောင်း၊
- ယခုအချိန်တွင် တစ်ပိဿာလျှင် (၁,၅၀၀)ကျပ်နှုန်းထိ မြင့်တက်လာပြီး ဟုမ္မလင်းမြို့နယ်မှ လက်ဖက်များကို ကလေး၊ တမူး၊ မော်လိုက်၊ မုံရွာနှင့် မန္တလေးဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း၊
- (၂၀၂၁-၂၀၂၂)ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးတွင် လက်ဖက်ကို(၂၀၂၁)ခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ပြီး လက်ရှိတွင် မော်လိုက်၌ လက်ဖက်စိုက်ဧက(၂၉၀)ဧက၊ ခန္တီးတွင် (၉,၆၉၄) ဧက၊ နာဂဒေသတွင် (၉၁၁)ဧက၊ ကသာတွင် (၄၈၇)ဧကနှင့် ကောလင်းခရိုင်တွင် (၅၆၄) ဧက ရှိကြောင်း၊
- မြန်မာနိုင်ငံတစ်ဝှမ်းတွင် လက်ဖက်စိုက်ဧက ဟက်တာပေါင်း (၈,၉၀၀) (၂၁၉၉၂.၃၈ ဧက) ခန့်ရှိပြီး အများစုမှာ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊
- ပြည်တွင်း လက်ဖက်ခြောက်ကို ထိုင်ဝမ်၊ ထိုင်းနိုင်ငံ၊ တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့နေသော်လည်း အကြီးမားဆုံး ဈေးကွက်မှာ တရုတ်နိုင်ငံဖြစ်ကြောင်း (၁၄.၁၂.၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar သတင်းဆောင်းပါးမှ တစ်ဆင့် သိရှိရပါသည်။

ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ ဒု-လ/ထဦးစီးမှူး

Source: https://www.gnlm.com.mm/tea-leaves-from-homalin-fetches-handsome-price

## အိန္ဒိယငွေကြေး(ရူပီး)ကျဆင်းမှုကြောင့် (၅)နှစ်အတွင်း ဆန်ဈေးနှုန်းများ အနိမ့်ဆုံးသို့ ကျဆင်းခဲ့ခြင်း

- အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဈေးကွက်တွင် အပြိုင်အဆိုင်ဖြစ်လာကြောင်း Andhra Pradesh ပြည်နယ်ရှိ Kakinada အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ရူပီးတန်ဖိုးကျဆင်းလာသောကြောင့် (၂၀၁၆) ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုဈေးနှုန်းသည် ယခုအပတ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားခဲ့ကြောင်း၊
- ထိပ်တန်းတင်ပို့သည့် အိန္ဒိယပေါင်းဆန် (အကျိုးအကြေ(၅)ရာခိုင်နှုန်းပါဝင်သောဆန်) တစ်တန်လျှင်ကန်ဒေါ်လာ(၃၅၁)မှ (၃၅၆)ဒေါ်လာ ဈေးပေါက်ခဲ့ပြီး ယခင်အပတ်တွင် (၃၅၃)ဒေါ်လာမှ (၃၅၈)ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း အိန္ဒိယရူပီးသည် ကြာသပတေးနေ့တွင် (၂)လ အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ကြောင်း၊
- ကောက်ပဲသီးနှံနှင့် တင်သွင်းမှုများကောင်းမွန်နေသော်လည်း ဘင်္ဂလားဒေ့ရှ်ပြည်တွင်း ဆန်ဈေးနှုန်းသည် ယခုအပတ်အတွင်း ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊
- အစဉ်အလာအားဖြင့် ကမ္ဘာ့တတိယ အကြီးဆုံးဆန်ထုတ်လုပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေကြီးမှုဒဏ်ခံနေရသော ပြည်တွင်းဆန် လက်ကျန်များကို ပြန်လည်ဖြည့်တင်းရန်အတွက် အိန္ဒိယမှ အများဆုံးတင်သွင်းပြီး အဓိက ဝယ်ယူသောနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ကြောင်း၊
- ဗီယက်နမ်တွင်အကျိုးအကြေ(၅)ရာခိုင်နှုန်း ပါဝင်သောဆန် ယခင်အပတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၁၀ မှ ၄၁၄) မှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ(၄၁၀ မှ ၄၂၀) အထိ ကျဆင်းခဲ့ကြောင်း၊
- ကုန်တင်သင်္ဘောခများသည့်အပြင် ကွန်တိန်နာ အကျပ်အတည်းကြောင့် ယခုအပတ်တွင် ဈေးကွက်အခက်အခဲဖြစ်နေကြောင်း ဟိုချီမင်းမြို့ အခြေစိုက်ကုန်သည်တစ်ဦး၏ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ထိုင်းဘတ်ငွေသည် အမေရိကန်ဒေါ်လာနှင့်ယှဉ်လျှင် အားကောင်းနေသောကြောင့် ယခင်အပတ်တွင် ထိုင်းနိုင်ငံ၏ အကျိုးအကြေ(၅) ရာခိုင်နှုန်းပါဝင်သောဆန်ဈေးသည် တစ်တန်လျှင် ကန်ဒေါ်လာ (၃၈၅ မှ ၃၉၆)ဒေါ်လာအထိ ကျဆင်းသွားခဲ့ပါကြောင်း (၁၂.၁၂.၂၀၂၁)ရက်တွင်ထုတ်ပြန်ခဲ့သော The Economics Times ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်ဟေမာန်အောင်မင်း၊ အလုပ်သင်

Source:http://m.economictimes.com/small-biz/trade/exports/insights/indian-rice-prices-fall-to-five-year-low-as-rupee-weaken/articleshow/88234795.cms

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈

Email: doamisppme@gmail.com

Source from internet